**KACHIN WOMEN'S ASSOCIATION THAILAND**

P.O.BOX 415, CHIANG MAI 50000, THAILAND

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၇ရက်

သို့

ဦးသိန်းစိန်
သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
နေပြည်တော်

အကြောင်းအရာ။ ဆွန်လွတ်ရွယ်ဂျာအမှုနှင့်ပတ်သက်၍မှန်ကန်မျှတစွာတရားစီရင်ပေးပါရန် တောင်းခံခြင်း

မြန်မာတပ်မတော်ကမတရားဖမ်းဆီးခဲ့သည့်အချိန်မှစ၍ ကချင်တိုင်းရင်းသူအသက် ၂၈ နှစ်အရွယ် ဆွမ်လွတ်ရွယ်ဂျာပျောက်ဆုံးနေသည့်အမှုနှင့်ပတ်သက်ပြီး မျှတသောတရားစီရင်မှုဖေါ်ဆောင်ပေးပါရန် ကျွန်ုပ်တို့တင်ပြတောင်းဆိုလိုက်ပါသည်။

၂၀၁၁ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့တွင် ဆွန်လွတ်ရွယ်ဂျာသည် သူမဇာတိဖြစ်သည့် တရုတ်နယ်စပ်မိုးမောက်မြို့နယ် ခိုင်ဘန်ကျေးရွာအနီးစိုက်ခင်းတွင် အလုပ်လုပ်နေစဉ် မြန်မာ့တပ်မတော်စစ်သား များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ မှဘွမ်အခြေစိုက် တပ်ရင်းအမှတ်(၃၂၁)၏ ရှေ့တန်းစခန်းဆီသို့ စစ်သားများကသူမအားသေနတ်နှင့်ထောက်၍ ပြောင်းဖူးများအတင်းအကြပ်သယ်ခိုင်းခဲ့သည်ကို သူမခင်ပွန်း နှင့် ယောက်ကျ္ခမတို့က မျက်ဂါးထင်ထင်မြင်ခဲ့သည်။ ၎င်းရှေ့တန်းစစ်စခန်းတွင် သူမရှိနေသည်ကို မျက်မြင်တော်တော်များများက မြင်တွေ့ခဲ့သည်။ သို့သော် ထိုနေရာ၌ သူမစုံးစုံးပျောက်ကွယ်သွားခဲ့သည်။

၂၀၁၂ ခုနှစ် ဖေဖေါ်ဂါရီလ ၂၃ ရက်နေ့တွင် ဆွန်လွတ်ရွယ်ဂျာ၏ ခင်ပွန်းသည် သူမပျောက်ဆုံးမှုတွင် တာဝန်ရှိသော တပ်ဖွဲ့အားဥပဒေကြောင်းအရတရားစွဲဆိုရန် ကြိုးပမ်းခဲ့သော်လည်း နေပြည်တော် တရားရုံးချုပ်ကသက်သေခံအထောက်အထားမခိုင်လုံဟူသောအကြောင်းပြချက်ဖြင့် ဆွဲချက်အားပယ်ချခဲ့သည်။ ဆွန်လွတ်ရွယ်ဂျာ၏ ခင်ပွန်းအားတရားခွင်တွင် လျှောက်ထားခွင့်မပြုခဲ့သည့်အပြင် တရားသူကြီးသည် မြန်မာ့တပ်မတော်တရားခံများဖက်မှထွက်ဆိုသောထွက်ဆိုချက်တခုတည်းကိုအခြေခံ၍ ဆုံးဖြတ်ခဲ့သည်။ အဆိုပါပြစ်မှုအားဒေသခံအာဏာပိုင်များထံသို့မည်သည့်အခါမှတင်သွင်းတိုင်ကြားခဲ့ခြင်းမရှိဟုလည်း တရားသူကြီးအစီရင်ခံစာတွင်မှားယွင်းစွာဖေါ်ပြခဲ့ပြန်သည်။ ဖြစ်ရပ်မှန်မှာသူမအားဖမ်းဆီးပြီးတပတ်အကြာတွင်ဆွမ်လွတ်ရွယ်ဂျာ၏ ယောက်ကျ္ခမသည် ကချင်ပြည်နယ်ဂန်ကြီးချုပ်၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး နှင့် မြန်မာ့တပ်မတော် တပ်ရင်းအမှတ် (၃၂၁) တပ်ရင်းမှူးထံသို့ အသာနားခံစာတင်သွင်းခဲ့သည်။

ယခုကဲ့သို့ တရားဥပဒေအားပြောင်ကျကျ မထီမဲ့မြင်ပြုလိုက်ခြင်းသည် သမ္မတကြီး၏ အစိုးရ နှင့် အစိုးရ၏ တရားရေးစနစ်တခုလုံးအတွက် ရှက်ဖွယ်အတိဖြစ်သည်။ ထို့ကြောင့် ဆွန်လွတ်ရွယ်ဂျာ၏ ကံကြမ္မာကိုဖေါ်ထုတ်ပေးရန် နှင့် သူမအားဖမ်းဆီးခြင်း၊ လက်စတုံးပျောက်ဆုံးစေခြင်းများအတွက် တာဝန်ရှိ

သူများကို တရားဥပဒေရှေ့မှောက် အရောက်ဆောင်ကျဉ်းပေးရန်အလို့ငှာယင်းအမှုကို ပြန်လည်ကြားနာရန် သမ္မတကြီးအနေဖြင့် ချက်ချင်းအခွင့်အာဏာသုံးဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

ရိုးသားစွာဖြင့်

ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ)
အီးမေးလ်လိပ်စာ kwat@loxinfo.co.th, ဖုန်း ++၆၆ ၈၉ ၇၅၅ ၉၈၉၂

**ပူးတွဲစာများ**

(၁) မတရားဖမ်းဆီးခံရခြင်း၊ လက်စတုံးပျောက်ဆုံးစေခြင်းအသေးစိတ်အချက်အလက်များ
(၂) တရားသူကြီး၏ အမှုအစီရင်ခံစာ
(၃) ကချင်ပြည်နယ်ဝန်ကြီးထံသို့ ဆွန်လွတ်ရှယ်ဂျာ၏ ယောက်ကျ်ားမကပေးပို့သောစာမိတ္တူ
(၄) ဖမ်းဆီးခေါ်ဆောင်သွားသည့်နေရာပြမြေပုံ